# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
# သတင်းစာစဉ်

EMReF
Enlightened Myanmar Research Foundation

အမှတ် (၄၄)၊ နိုဝင်ဘာ ၂၈ ရက်၊ ၂၀၁၇


## ဧရာဝတီတိုင်းအစိုးရ ရင်းနှီးမြှုပ်နှံမှု လျာထားချက်မှ ကျပ်ဘီလီယံ ၂၀ လွှတ်တော်မှ လျှော့ချ

**နိုဝင်ဘာ ၁၅၊ ၂၀၁၇**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်လျာထားချက်အပေါ် တိုင်းလွှတ်တော်မှ ကျပ်ဘီလီယံ ၂၀ လျှော့ချခဲ့ကြောင်း ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီထံမှ သိရသည်။

အဆိုပါ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်လျာထားချက်အပေါ် အပိုင်းနှစ်ခုဖြင့် ခွဲခြားတင်ပြထားကြောင်း၊ ယင်းအနက် ၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာအထိ လျာထားချက် ၁၈၂ ဘီလီယံကျော်ရှိကြောင်း၊ လျာထားငွေနှင့် လုပ်ငန်းများ မျှပြားနေသဖြင့် ကျန် ၂၀ ဘီလီယံလျှော့ချပြီး ကျပ် ၁၆၂ ဘီလီယံကျော် ပြင်ဆင်ရေးဆွဲရန် လွှတ်တော်သို့ တင်ပြခဲ့ကြောင်း အဆိုပါကော်မတီဥက္ကဋ္ဌ ဦးအောင်သူထွေးက ပြောကြားသည်။

တိုင်းဒေသကြီးအတွင်း အမှန်တကယ်ဆောင်ရွက်ရန် လိုအပ်နေသော ပြည်သူ့အကျိုးပြု လုပ်ငန်းများအပြင် ရုံးအသုံးအဆောင် ပရိဘောဂနှင့် မော်တော်ယာဉ်ဝယ်ယူခြင်း၊ မော်တော်ယာဉ်များအကြီးစားပြင်ဆင်ခြင်းတို့အတွက် တင်ပြတောင်းခံမှုများလည်း ရှိနေသောကြောင့် သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲများကို လွှတ်တော်ကော်မတီ အစည်းအဝေးတွင် ရှင်းလင်းတင်ပြစေခဲ့ကြောင်း၊ ဌာနဆိုင်ရာ မော်တော်ယာဉ်များ အကြီးစားပြင်ဆင်မှုများအတွက် ငွေလုံးငွေရင်း ရန်ပုံငွေတောင်းခံမှု၊ ဝန်ကြီးချုပ်၏ ပွိုင့်ကားဝယ်ယူရန်အတွက် ငွေကျပ် သိန်း ၈၀၀ တောင်းခံမှုများကို ပြန်လည်စိစစ်စေခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းလွှတ်တော်သို့ တင်သွင်းလာသည်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှု လျာထား အဆိုပြုချက်ဖြစ်ကြောင်း၊ အဆိုပြုချက်ကို အပိုင်း(၁) ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိလည်းကောင်း၊ အပိုင်း(၂) ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ လည်းကောင်း ရေးဆွဲတင်သွင်းလာကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် စုစုပေါင်းလျာထားငွေကိုသာ လွှတ်တော်က အတည်ပြုပေးခဲ့ပြီး ပြည်ထောင်စုမှ ဘဏ္ဍာငွေ ဖြည့်တင်းပေးမှုအပေါ်မူတည်၍ အသေးစိတ်ဘတ်ဂျက်ကို ရေးဆွဲပြီး လွှတ်တော်၏အတည်ပြုချက်ရယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီထံမှ သိရသည်။

**(ကိုးကား - The Voice Daily)**

## အခွန်ဥပဒေတွင် လုပ်ငန်းရှင်များ၏ အကြံပြုချက်များပါဝင်ရန် ရန်ကုန်တိုင်းအစိုးရနှင့် လုပ်ငန်းရှင်များ တွေ့ဆုံမည်

**နိုဝင်ဘာ ၂၄၊ ၂၀၁၇**

လာမည့်နှစ် အခွန်ဥပဒေတွင် လုပ်ငန်းရှင်များ၏ အကြံပြုချက်များ ပိုမိုပါဝင်နိုင်ရန် ရန်ကုန်တိုင်းအစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဟု သိရသည်။

လွှတ်တော်က အခွန်ဥပဒေကို အတည်ပြုပြီးမှ ဥပဒေကို ပြန်ပြင်ရသည့်အခါ အခက်အခဲများရှိသည့်အတွက် ဥပဒေကြမ်း ရေးဆွဲသည့်အချိန်ကတည်းက လုပ်ငန်းရှင်များ၏ အသံပါဝင်နိုင်ရန် ယင်းသို့တွေ့ဆုံခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

နိုဝင်ဘာ ၂၄ ရက်က ကုန်သည်စက်မှုအသင်းချုပ်(ရန်ကုန်)တွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းတို့သည် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

အခွန်ဥပဒေသည် နှစ်စဉ်ရေးဆွဲရပြီး ဘတ်ဂျက်နှစ်တစ်နှစ်အတွင်း ကောက်ခံမည့် အခွန်နှုန်းများပါဝင်သည်။ အစိုးရအဖွဲ့က အခွန်ဥပဒေကြမ်းကို ရေးဆွဲပြီးသည့်အခါ လွှတ်တော်ကိုပေးပို့ရပြီး လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကြမ်းတွင် ပါဝင်သည့်အချက်များကို ဆွေးနွေးကြခြင်းဖြစ်သည်။ **(ကိုးကား- 7daydaily)**

# ‘RC2 ကို ရန်ကုန်တက္ကသိုလ်ထံ ပြန်လွှဲပေးရန် ပြင်ဆင်နေ’

**နိုဝင်ဘာ ၂၃၊ ၂၀၁၇**

ယခုနှစ် ဩဂုတ်လကုန်ပိုင်းက လှိုင်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များကို အဆင့်အတန်းမီ တက္ကသိုလ်များဖြစ်အောင် ပြုပြင်မွမ်းမံပေးရန် အစီအစဉ်ရှိမရှိနှင့် ယခင်ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ (RC2) ယခုရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းခွဲရှိ ပျက်စီးယိုယွင်းနေမှုများကို ပြုပြင်ပေးရန် အစီအစဉ်ရှိမရှိ မေးခွန်းကို လွှတ်တော်မှာ မေးမြန်းထားပြီး (လှိုင်နယ်မြေ ယခင် RC-2)ကို ရန်ကုန်တက္ကသိုလ်ကို လွှဲပြောင်းသွားမည်ဖြစ်ကာ ပျက်စီးယိုယွင်းနေမှုများကို ဘဏ္ဍာငွေ အပေါ်မူတည်ကာ ပြုပြင်ပေးသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဖြေကြားထားသည်။

ယခုအခါ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းခွဲအဖြစ် ထားရှိသည့် (လှိုင်နယ်မြေ ယခင် RC-2)ကို ရန်ကုန်တက္ကသိုလ်ကို ပြန်လည်လွှဲပြောင်းရန် ပြင်ဆင်လျက်ရှိရာ ပြီးစီးလုနီးပါးဖြစ်နေပြီဟု သိရသည်။ RC 2 တွင်ရှိသော ကျောင်းဆောင် ၆ ဆောင်တွင်ရှိသည့် မီးလိုင်းများအားလုံး ပြန်လည်တပ်ဆင်ခြင်း၊ နဂိုမူလပုံစံ ပြန်လည်ရရှိအောင် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ရသည်ဟု အဆိုပါလုပ်ငန်းခွင်မှ အလုပ်သမားတစ်ဦးကပြောသည်။

ယခု ပြင်ဆင်မှုကို လွန်ခဲ့သည့် တစ်လခန့်ကတည်းက ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

**(ကိုးကား- ပေါ်ပြူလာနယူးစ်ဂျာနယ်)**

# သတင်းတို

● နိုဝင်ဘာလ၊ ၂၀၁၇ နောက်ဆုံးပတ်တွင် မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်များမှ အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပကြမည်ဖြစ်သည်။ အစည်းအဝေးကို ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ ပထမ ၆ လပတ်အတွက် ဘတ်ဂျက်ဆွေးနွေး အတည်ပြုနိုင်ရန် ရည်ရွယ်ခေါ်ယူခြင်း ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း လွှတ်တော်အစည်းအဝေး များခေါ်ယူ၍ အဆိုပါဖြည့်စွက်ဘတ်ဂျက်အတွက် ဆွေးနွေးအတည်ပြုသွားကြမည် ဖြစ်သည်။ **(ကိုးကား -သတင်းစုံ)**

# ရခိုင်မြောက်ပိုင်း ကျောင်းဆရာ၊ ဆရာမ ခန့်ထားရေး အရည်အချင်းလျှော့ပေါ့ပေးရန် အဆိုတင်

**နိုဝင်ဘာ ၂၂၊ ၂၀၁၇**

ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောမြို့နယ်များ အပါအဝင် ဝေးလံခေါင်ဖျားဒေသရှိ မူလတန်း ဆရာ၊ ဆရာမများ ခန့်ထားရာတွင် အထူးအစီအမံ တစ်ရပ်အနေဖြင့် ပညာရေးဝန်ကြီးဌာန အနေဖြင့် အရည်အချင်းသတ်မှတ်ချက် လျှော့ပေါ့စဉ်းစားရန် ရခိုင်ပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ရခိုင်ပြည်နယ် လွှတ်တော်တွင် တင်သွင်းခဲ့သည်။

ယင်းအဆိုကို နိုဝင်ဘာလ ၂၁ ရက်နေ့၊ ရခိုင်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်မြင့် (ဘူးသီးတောင်-၁) က တင်သွင်းခဲ့သည်။

ပညာရေးဝန်ကြီးဌာနသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံပြီး မူလတန်း ဆရာ၊ ဆရာမများကိုခန့်အပ်ရာတွင် ဆယ်တန်းအောင်၊ ဘွဲ့ရစသည်ဖြင့် မူဝါဒချမှတ်ထားသည်မှာ ကောင်းမွန်သော်လည်း ရခိုင်မြောက်ပိုင်းအပါအဝင် အလားတူ တိုင်းရင်းသားဒေသများတွင် အရည်အချင်းသတ်မှတ်ချက်များကို လျှော့ပေါ့သတ်မှတ်ပေးနိုင်မည်ဆိုလျှင် ဒေသခံကျေးရွာများတွင်ရှိသော ပညာအရည်အချင်း ၈ တန်း၊ ၉ တန်းရှိ လူငယ်များကို မူလတန်းကျောင်း ဆရာ၊ ဆရာမများအဖြစ် ခန့်အပ်ပေးနိုင်မည်ဖြစ်သည်ဟု ဦးဇော်ဇော်မြင့်က ပြောသည်။

ထိုအဆိုနှင့်ပတ်သက်၍ ကိုယ်စားလှယ် ဦးအောင်ဝင်း(မြေပုံမဲဆန္ဒနယ်)က ထောက်ခံဆွေးနွေးခဲ့ပြီး အဆိုကို ဆက်လက်ဆွေးနွေးရန် သင့်၊ မသင့် ဆန္ဒခံယူခဲ့ရာ ကန့်ကွက်မည့်သူမရှိသဖြင့် လွှတ်တော်တွင် ဆက်လက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သော ဩဂုတ်လအတွင်း အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်အတွင်းရှိ နယ်စပ်ဒေသကျေးရွာများမှ စာသင်ကျောင်းပေါင်း ၄၀၀ ကိုပိတ်ခဲ့ရပြီး ထိုပိတ်ထားခဲ့ရသော စာသင်ကျောင်းများတွင် ကျောင်းသူ ကျောင်းသားပေါင်း ၁ သိန်း ၅ သောင်းကျော်ရှိကြောင်း၊ ဆရာ၊ ဆရာမ ၂၄၈၂ ဦး ရှိကြောင်း ရခိုင်ပြည်နယ် ပညာရေးမှူးရုံးမှ သိရသည်။

**(ကိုးကား-ရော့ဝတီ)**

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ

## သတင်းစာစဉ်

စုစည်းတင်ပြသူ

**ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း**

ဆက်သွယ်ရန်

၀၉-၂၆၁၆၅၄၀၄၅

www.emref.org

www.mypilar.org

www.facebook.com/emrefmyanmar

# မန္တလေးတွင် ကလေးများ လွှတ်တော်ခေါ်



### နိုဝင်ဘာ ၂၁၊ ၂၀၁၇

၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ကလေးများနေ့တွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်နှင့် UNICEF တို့ပူးပေါင်း၍ "Children's takeover" လူကြီးများ၏နေရာကို ခဏတာ ဝင်ရောက်နားလည်ကြည့်ခြင်း အစီအစဉ်အဖြစ် ကလေးလွှတ်တော်ကို ခေတ္တပြုလုပ်ခဲ့သည်။

"ကလေးများနေ့ အထိမ်းအမှတ်နေ့မှာ လူကြီးများနေရာကို ကလေးတွေက အစားထိုး နေရာယူတဲ့ပုံစံပေါ့။ လက်တွေ့ဆန်အောင် ပြောရမယ့်စကား၊ အထားအသိုတွေ အလွဲအမှားမရှိအောင် လွှတ်တော်ဘက်က ဆောင်ရွက်ပေးခဲ့တယ်"ဟု မန္တလေးတိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ရှင်းပြသည်။

ယင်းအခမ်းအနားတွင် မန္တလေးမြို့တော်ရှိ ကိုယ်ပိုင်အထက်တန်းကျောင်းများ၊ အစိုးရကျောင်းများနှင့် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၅၀ ဦး ခန့်ပါဝင်ခဲ့ပြီး ဥက္ကဋ္ဌနေရာ၊ လွှတ်တော်ကိုယ်စားလှယ်များနေရာ၊ ဝန်ကြီးများနေရာများမှ ပါဝင်၍ မေးခွန်းများမေးမြန်းခြင်း၊ သက်ဆိုင်ရာဝန်ကြီးက ဖြေကြားခြင်း၊ အဆိုတင်ခြင်း၊ အဆိုကို ထောက်ခံ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"အခုလိုလုပ်ပေးတာ ကောင်းတယ်။ ကလေးတွေအနေနဲ့ လွှတ်တော်ယဉ်ကျေးမှု၊ ဒီမိုကရေစီယဉ်ကျေးမှုကို နီးစပ်အောင် ပြုလုပ်ပေးတဲ့အတွက် ကြိုဆိုပါတယ်"ဟု မန္တလေးမြို့ခံ ဦးလင်းလင်းထွန်းက ပြောကြားသည်။

**(ကိုးကား - မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဖေ့စ်ဘွတ်ခ်၊ The Voice Daily)**

---

# မောင်တောဒေသတွင် တိုင်းရင်းသားကျေးရွာများ ပိုမိုတည်ဆောက်သင့်ကြောင်း အဆို ပြည်နယ်လွှတ်တော်၌ ဆွေးနွေးမည်

### နိုဝင်ဘာ ၂၆၊ ၂၀၁၇

ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များတွင် ရခိုင်ပြည်နယ်ရှိ အခြား ၁၄ မြို့နယ်မှ ရခိုင်နှင့် ရခိုင်မျိုးနွယ်စုများအားစုစည်းပြီး ရခိုင်တိုင်းရင်းသားကျေးရွာများ ပိုမိုတည်ဆောက်ပေးသင့်ကြောင်း အဆိုကို ရခိုင်ပြည်နယ်လွှတ်တော်တွင် ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်လိုက်သည်။

နိုဝင်ဘာ ၂၄ ရက်က ကျင်းပသည့် ရခိုင်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင် (ကျောက်ဖြူ-၁)မှ တင်သွင်းပြီး ဦးကျော်ဇောဦး (စစ်တွေ-၂) က ထောက်ခံဆွေးနွေးခဲ့သည်။

မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များ၌ ဘင်္ဂါလီအကြမ်းဖက်သမားများ၏ ရန်ပြုမှုကြောင့် တိုင်းရင်းသားကျေးရွာများတွင် ဒေသခံများမနေရဲဘဲ အခြားဒေသများသို့ ပြောင်းရွှေ့နေထိုင်မှုများလာသဖြင့် တိုင်းရင်းသားကျေးရွာများကို စုစည်းမတည်ဆောက်ပေးနိုင်ပါက နယ်မြေတစ်ခုလုံးပါ ဆုံးရှုံး သွားနိုင်ကြောင်း အဆိုရှင် ဦးကျော်လွင်က ဆိုသည်။

ဩဂုတ် ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှုနောက်ပိုင်း မောင်တောဒေသရှိ တိုင်းရင်းသား ကျေးရွာများမှ ဒေသခံအချို့သည် အခြားဒေသများသို့ ထွက်ခွာပြီး ပြန်မလာသူများရှိနေကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ပြောသည်။ ယင်း အဆိုကို ကန့်ကွက်သူမရှိသဖြင့် ဆက်လက်ဆွေးနွေးရန် လွှတ်တော်က ဆုံးဖြတ်သည်။

"ပထဝီနိုင်ငံရေးအရ လူမရှိရင် ဘာမှလုပ်လို့မရဘူး။ အဲဒီအတွက် လူလိုတယ်။ အဲဒီလူ(တိုင်းရင်းသား)တွေအတွက် စဉ်ဆက်မပြတ် လုံလုံခြုံခြုံနေထိုင်နိုင်ဖို့အတွက် အစိုးရက စီစဉ်ပေးရမယ်။ ဒါမှ ဒီနယ်မြေကို ကာကွယ်နိုင်မယ်"ဟု မောင်တောမြို့ခံ တစ်ဦးက ပြောသည်။

လက်ရှိတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့သည် အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့ရသည့် တိုင်းရင်းသားကျေးရွာအချို့ကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စတင်နေသည်။

**(ကိုးကား - 7Day Daily)**